## ပြည်သူ့လွှတ်တော်ရုံး၊ ဝန်ထမ်းများအတွက်

## စက်ဘီးများပေးအပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၁

ပြည်သူ့လွှတ်တော်ရုံး၊ ဝန်ထမ်းများအတွက် Wint Nandar Trading Co.,Ltd မှ ဗိုလ်ကြီးဇော်လွင်(ငြိမ်း) တပ်မတော်(ရေ) နှင့် ဇနီး ဒေါ်ဝါဝါခိန့် တို့မှ စက်ဘီးများပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီ ၄၀ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် အလှူရှင်တို့ တက်ရောက်ကြပါသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက အလှူရှင် ဗိုလ်ကြီးဇော်လွင်အား ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် အလှူရှင်တို့သည် လွှတ်တော်သဘင်ဆောင်၌ လှူဒါန်းထားသည့် စက်ဘီးအစီးရေ (၇၀) စီးကို ပြည်သူ့လွှတ်တော်ရုံး ဝန်ထမ်းများအား မဲနှိုက်ရွေးချယ် ပေးခဲ့ပါသည်။ အလှူရှင်ဗိုလ်ကြီးဇော်လွင်(ငြိမ်း)က ယခု လှူဒါန်းရခြင်းသည် ပြည်သူ့လွှတ်တော်ရုံးဝန်ထမ်းများအား အထောက်အကူဖြစ်စေရန်နှင့် အားပေးချီးမြှင့်ရန် ရည်ရွယ်၍ လာရောက်လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ ယခုအလှူနှင့် ဆက်စပ်ပြီး ပီတိဖြစ်ရပါကြောင်း၊

နောင်တွင်လည်း ထပ်မံလှူဒါန်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ဝန်ထမ်းများအား စက်ဘီးများ မဲနှိုက်ပေး၍ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးပြီး အခမ်းအနား ပြီးစီးကြောင်းကြေညာသည်။